သတင်းထုတ်ပြန်ချက်

# မြန်မာ - ရက္ခိုင့်တပ်တော်သည် စစ်သုံ့ပန်းများကို ကွပ်မျက်ကြောင်း ဝန်ခံထား

## ပေါက်ကြားခဲ့သော ကွပ်မျက်ခြင်းများကျူးလွန်ထားသည့်ဗီဒီယိုများကို တုံ့ပြန်သည့်အနေဖြင့် လက်နက်ကိုင်အဖွဲ့သည် အဆိုပါပြစ်မှုများကို ဝန်ခံသည်။

(ဘန်ကောက်မြို့၊ ဇန်နဝါရီလ ၂၄ ရက်နေ့၊ ၂၀၂၅ ခုနှစ်) - ရက္ခိုင့်တပ်တော် (AA) သည် စစ်သုံ့ပန်းနှစ်ဦးအား ကွပ်မျက်ခြင်းတွင်ပါဝင်သော တာဝန်ရှိသည့်အရာရှိများကို အရေးယူဆောင်ရွက်ထားမှုများအား အသေးစိတ်ဖော်ပြသင့်ပြီး၊ အဆိုပါလက်နက်ကိုင်အဖွဲ့အနေဖြင့် နိုင်ငံတကာ တရားစီရင်ရေးယန္တရားများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သင့်သည်ဟု Fortify Rights မှ ယနေ့ပြောသည်။

“ရက္ခိုင့်တပ်တော်က ဒီစစ်ရာဇဝတ်မှုတွေကို ကျူးလွန်ကြောင်း ဝန်ခံတာက တာဝန်ယူမှု တာဝန်ခံမှု (accountability) ဆီကို ဦးတည်တဲ့ အရေးကြီးတဲ့ ခြေလှမ်းတစ်ခုပါ” ဟု Fortify Rights မှ လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးရေးတာဝန်ခံ Ejaz Min Khant (ဧဂျက်ဇ်မင်းခန့်) က ပြောသည်။ “ဒါပေမယ့် တာဝန်ရှိတဲ့သူတွေ အပြစ်ပေးခံရတယ်လို့ ရိုးရှင်းစွာပြောရုံနဲ့ မလုံလောက်ပါဘူး။ ၎င်းတို့မှာ မည်သူမည်ဝါဖြစ်ကြောင်းနှင့် မည်သည့်နည်းလမ်းဖြင့် တာဝန်ယူမှုအရေးယူမှုတွေ လုပ်ဆောင်ခဲ့ကြောင်း AA အနေနဲ့ အသေး စိတ်အချက်အလက်တွေကို နိုင်ငံတကာ စုံစမ်းစစ်ဆေးသူတွေကို နှောင့်နှေးမနေဘဲ ပေးဆောင်သင့်တယ်။”

ယမန်နေ့က Fortify Rights သည် AA စစ်သားများနှင့် အရပ်ဝတ်များသည် စစ်သုံ့ပန်းနှစ်ဦး၏ လည်ချောင်းကို မြေကျင်းတစ်ခုရှေ့တွင် လှီးဖြတ်ခြင်း၊ ခုတ်ထစ်ခြင်းပြုလုပ်ခဲ့သည့် ၎င်းရရှိထားသော ပေါက်ကြားခဲ့သည့် ဗီဒီယိုနှစ်ခု၏ ခွဲခြမ်းစိတ်ဖြာချက်ကို ထုတ်ပြန်ခဲ့သည်။

Fortify Rights မှ အဆိုပါတွေ့ရှိချက်အား ထုတ်ပြန်ပြီး နာရီပိုင်းအကြာတွင် ရက္ခိုင့်တပ်တော် ပြောရေးဆိုခွင့်ရှိသူ ခိုင်သုခက ဗီဒီယိုများ၏ စစ်မှန်မှုကို အသိအမှတ်ပြုကာ သတ်ဖြတ်မှုကို ရှုတ်ချခဲ့ပြီး၊ အသေးစိတ် အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း တာဝန်ရှိသူများကို ဖော်ထုတ်အရေးယူခဲ့ကြောင်း ပြောကြားသွားသည်။ ၎င်းဖြစ်စဉ်မှာ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ အမှတ်(၉)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အား စစ်ဆင်ရေးအတွင်း ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး သေဆုံးသူ နှစ်ဦးမှာ ဖမ်းဆီးခံထားရသော မြန်မာစစ်တပ်မှ စစ်သားများဖြစ်ကြောင်း မြန်မာသတင်းမီဒီယာသို့ အတည်ပြုပြောကြားခဲ့သည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး Fortify Rights ၏ အစီရင်ခံစာနှင့် ပတ်သက်၍ BBC Burmese မှ မေးမြန်းရာတွင် ဦးခိုင်သုခမှ ၎င်းကွပ်မျက်ခြင်းသည် ကလဲ့စားချေသည့်ဖြစ်ရပ်ဖြစ်ကြောင်း ဖြေဆိုခဲ့သည်။ "ဘာကြောင့်လဲဆိုရင် သူတို့မိသားစုဝင်တွေကို မတရားဖမ်းဆီးနှိပ်စက် သတ်ဖြတ်ထားတဲ့ မြန်မာ အကြမ်းဖက် စစ်သားတွေကို  သူတို့ဖမ်းမိတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ ဒေသခံ ပြည်သူ့စစ်တွေက ဒေါသမထိန်းနိုင်ဘဲ အခုလိုမျိုး လက်စားချေတဲ့ပုံစံမျိုးနဲ့ စစ်စည်းကမ်းချိုးဖောက်ကာ ကျူးလွန်မိတာ ဖြစ်ပါတယ်" ဟု  ဦးခိုင်သုခမှ ပြောပါသည်။

နိရဉ္စရာသတင်းဌာနအား “ဒီကိစ္စဟာ ကျွန်တော်တို့ရဲ့ မူဝါဒနဲ့ လုံးဝဆန့်ကျင်ပါတယ်။ ဒီလိုမျိုး ဥပဒေမဲ့လုပ်ရပ်မျိုးကို ကျွန်တော်တို့ လုံးဝလက်မခံပါဘူး။ ကျူးလွန်သူဟူ သမျှကိုလည်း အရေးယူ အပြစ်ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီလိုမျိုး ကိစ္စမျိုး နောက်ထပ်မဖြစ်အောင် အကောင်းဆုံး ထိန်းကျောင်းပြီး ဆက်လက်တိုက်ပွဲဝင်သွားမှာ ဖြစ်ပါတယ်” ဟု သူက ဖြေဆိုခဲ့ပါသည်။

“ရက္ခိုင့်တပ်တော်က ဒီလိုရက်စက်ကြမ်းကြုပ်တဲ့ စစ်ရာဇဝတ်မှုတွေကို ရှုတ်ချတာ အရမ်းအရေးကြီးပါတယ်၊ ဒါပေမယ့် စစ်သားတွေက ပုဂ္ဂိုလ်ရေး ဒေါသအလျောက် စိတ်လိုက်မာန်ပါ သတ်ဖြတ်ခဲ့တယ်ဆိုတာ တကယ့် ဗီဒီယိုမှတ်တမ်းနဲ့ မကိုက်ညီသလို စစ်ဥပဒေနဲ့ မသက်ဆိုင်ပါဘူး” ဟု Fortify Rights မှ အမှုဆောင်အရာရှိချုပ် Matthew Smith က ပြောကြားခဲ့သည်။ “စိတ်လိုက်မာန်ပါပြုလုပ်သည့် ပြစ်မှုတွေဟာ ရုတ်တရက် ဒေါသအလျောက် ဖြစ်ပေါ်လာပေမယ့်

ဒီဗီဒီယိုဖိုင်မှာတော့ အကျဉ်းသားနှစ်ဦးကို စစ်သားဆယ်ဦးက ပေါ့ပေါ့ပါးပါး သတ်ပစ်နေတာကို ပြသထားပြီး ဗွီဒီယိုများထဲတွင် အပြန်အလှန်စကားပြောဆိုမှုများအရ စစ်သားတွေ ဟာ တပ်မှူးတစ်ဦးရဲ့ အမိန့်အတိုင်း လုပ်ဆောင်နေတာ ဖြစ်နိုင်ကြောင်း ညွှန်ပြပါတယ်။ ပြစ်မှုကျူးလွန် သူတွေဟာ ကင်မရာမှတ်တမ်းတင်ရင်း သတ်ဖြတ်နေတာကို လုပ်ဆောင်ခဲ့ပြီး ရိုက်ကူးသူကလည်း ညွှန်ကြား ချက်များပေးခဲ့တာတွေကိုကြည့်လျှင် ဒီရာဇဝတ်မှုများအား စိတ်လိုက်မာန်ပါနဲ့ ကျူးလွန်ခဲ့သည်ဟူသော အဆိုနဲ့ ထပ်တူဖြစ်မနေပါဘူး။”

ဒီအမှုကို နိုင်ငံတကာ ရာဇဝတ်တရားရုံးက စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုသင့်ကြောင်း Fortify Rights က ပြောကြားပါသည်။

စစ်ဥပဒေများနှင့် နိုင်ငံတကာရာဇဝတ်မှုဥပဒေများအောက်တွင် ဒေါသ၊ ဝမ်းနည်းပူဆွေးမှု သို့မဟုတ် လက်စားချေလိုသောဆန္ဒ ကဲ့သို့သော ယာယီစိတ်ခံစားမှုဆိုင်ရာ အခြေအနေများကို ရာဇဝတ်မှုဆိုင်ရာ တာဝန်ဝတ္တရား များအရ ခွင့်လွှတ်ခြင်း သို့မဟုတ် လျှော့ပါးစေခြင်း မရှိကြောင်း Fortify Rights မှ ပြောကြားခဲ့သည်။ စစ်သုံ့ပန်းများအား ယခင်က ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခဲ့လျှင်ပင် ရည်ရွယ်ချက်မရှိဘဲ စစ်သုံ့ပန်းများအား ကွပ်မျက်ခြင်း သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ခြင်းကို ဂျနီဗာကွန်ဗင်းရှင်းများက အတိအလင်းတားမြစ်ထားသည်။

လက်နက်ကိုင်ပဋိပက္ခအတွင်း တိုက်ပွဲဝင်သူအားလုံးသည် ပြင်းထန်သောစိတ်ပိုင်းဆိုင်ရာ ဖိစီးမှု အောက်တွင်ပင် စစ်ပွဲ၏ ဥပဒေများနှင့် ထိတွေ့ဆက်ဆံမှုဆိုင်ရာစည်းမျဉ်းများ (rules of engagement) ကို လိုက်နာရမည် ဖြစ်သည်။

ထို့အပြင် ဂျီနီဗာသဘောတူညီချက်များအောက်တွင် ဖမ်းမိထားသော ရန်သူစစ်သားအားလုံးကို လူသားဆန်စွာ ဆက်ဆံရမည်ဖြစ်ပြီး ချိုးဖောက်မှုများကို စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။ ထိုသို့သော လုပ်ရပ်များကို ဟန့်တားခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် အပြစ်ပေးခြင်း ပျက်ကွက်သော

စစ်ခေါင်းဆောင်များနှင့် တပ်မှူးများအား ကွပ်ကဲမှုဆိုင်ရာ တာဝန်ယူမှု အောက်တွင် ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိပြီး စစ်ရာဇဝတ်မှုဖြင့် တရားစွဲဆိုခြင်းခံရနိုင်သည်။

Fortify Rights မှ AA နှင့် မြန်မာနိုင်ငံရှိ လက်နက်ကိုင် ပဋိပက္ခ အတွင်းရှိ အဖွဲ့အစည်းများအားလုံးကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ 2018 ခုနှစ်တွင် ဖွဲ့စည်းထားသော မြန်မာနိုင်ငံတွင် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများ၏ သက်သေအထောက်အထားများကို စုဆောင်းထိန်းသိမ်းကာ နောင်တွင် တရားစွဲဆိုနိုင်ရန် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM) အပါအဝင် နိုင်ငံတကာ တရားစီရင်ရေး ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုသည်။ AA က အဆိုပါ သတ်ဖြတ်မှုအတွက် တာဝန်ရှိသည်ဟု လက်ခံခြင်းမပြုမီ ရက်ပိုင်းအလိုတွင် IIMM မှ ၎င်း၏ လုပ်ငန်းနှင့်ပတ်သက်သည့် ရှင်းလင်းချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး "ရခိုင်ပြည်နယ်အတွင်း လတ်တလော ကျူးလွန်သည့် ရက်စက်ကြမ်းကြုတ်မှုများ အပါအဝင် ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများနှင့် ကျူးလွန်သူအားလုံးကို စုံစမ်းစစ်ဆေးနေကြောင်း၊ ယန္တရားသည် ၂၀၁၁ ခုနှစ် နောက်ပိုင်း မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုများ၏ သက်သေအထောက်အထားများ စုဆောင်းရေး၊ ထိန်းသိမ်းရေး၊ စိစစ်သုံးသပ်ရေးနှင့် မျှဝေရေးများကို လုပ်ပိုင်ခွင့်အတိုင်း ဆောင်ရွက်နေသည်။"

AA သည် ရခိုင်ပြည်နယ်၌ ကျယ်ပြန့်သော ဒေသများကို ထိန်းချုပ်ထားပြီး မြန်မာနိုင်ငံ၏ တရားမဝင် အာဏာသိမ်းစစ်တပ်အား တော်လှန်တိုက်ခိုက်နေသည့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ တစ်ခု ဖြစ်သည်။ အာဏာသိမ်းစစ်ကောင်စီသည် မြန်မာနိုင်ငံတွင် ကျယ်ပြန့်သော စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပြင် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုများအတွက် တာဝန်ရှိပါသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် မောင်တော နတ်မြစ်အနီး ရိုဟင်ဂျာ အရပ်သားများ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှု၊ ၂၀၂၄ ခုနှစ် မေလတွင် ရိုဟင်ဂျာများ၏ နေအိမ်များကို မီးရှို့ဖျက်ဆီးမှု အစရှိသည့် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှု အများအပြားကို AA မှ ၎င်းတို့

ထိန်းချုပ်ထားသည့် နေရာများတွင် ဒေသခံ ရိုဟင်ဂျာအသိုက်အဝန်းအား ကျူးလွန်ခဲ့သည်တို့ကို Fortify Rights မှ စုံစမ်းစစ်ဆေး ဖော်ထုတ်ခဲ့ပါသည်။ ၎င်း စွပ်စွဲချက်များအား AA မှ ငြင်းဆိုထားပြီး ထိုပြစ်မှုများအတွက် တာဝန်ယူခြင်းမရှိသေးသလို ၎င်းတို့၏ တပ်ဖွဲ့များအား တာဝန်ခံစေခြင်းလည်း မရှိသေးပါ။

"ဒီတရားလက်လွတ်ကွပ်မျက်မှုတွေဟာ သီးခြားတစ်ခုတည်းသောဖြစ်ရပ်တစ်ခု မဟုတ်ပါဘူး" ဟု Fortify Rights မှ Ejaz Min Khant (ဧဂျက်ဇ်မင်းခန့်) က ပြောကြားခဲ့သည်။ “ဘူးသီးတောင်မှာ AA ရဲ့ မီးရှို့တိုက်ခိုက်မှုနဲ့ မောင်တောမှာ ရိုဟင်ဂျာတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုလိုမျိုး တခြား ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို အသိအမှတ်ပြုခြင်းမရှိသေးသလို စုံစမ်းစစ်ဆေးခြင်းလည်း မရှိသေးပါဘူး။ အခုဒီဗီဒီယိုကနေ သူတို့တပ်ဖွဲ့တွေဟာ မြေပြင်ပေါ်မှာ ဘယ်အဆင့်ထိရက်စက် ကြမ်းကြုတ်မှုတွေ ပြုလုပ်နိုင်စွမ်းရှိတယ်ဆိုတာကို အရိပ်အမြွက် မြင်နိုင်ပါတယ်။ AA အနေနဲ့ ပြစ်မှုကျူးလွန်သူတွေကို တာဝန်ခံစေခြင်းနဲ့ပတ်သက်ပြီး ပွင့်လင်းမြင်သာမှုရှိသင့်သလို၊ သူတို့ရဲ့ တပ်တွေကို တင်းတင်းကျပ်ကျပ် စည်းကမ်းလိုက်နာစေပြီး ဖော်ထုတ်ပေါက်ကြားမှု တုံ့ပြန်တာထက် ဦးစွာဖော်ထုတ်အရေးယူသင့်ပါတယ်။”

### ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -

**Ejaz Min Khant**

လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ

+1 323 7040 220 (Signal, WhatsApp)

**အီးမေးလ်**: Ejaz.MinKhant@FortifyRights.org

**X** - @ejaz_minkhant, @FortifyRights

**John Quinley III**

Director, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 62 814 1130 (Signal, Whatsapp)

**အီးမေးလ်** - John.Quinley@FortifyRights.org

X - @john_hq3, @FortifyRights

**Matthew Smith**

အမှုဆောင်အရာရှိချုပ်, Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 85 028 0044 (Signal; WhatsApp)

+1 202 503 8032 (U.S.)

**အီးမေးလ်** - Matthew.Smith@FortifyRights.org

**X** - @MatthewFSmith, @FortifyRights